**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ**
**ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန**
**ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန**

စာအမှတ်၊ DMA/SSE/NM/၁၈/၂၀၂၄
ရက်စွဲ၊ ၂၀၂၄ ခုနှစ်၊ မေလ ၂၇ ရက်

အကြောင်းအရာ။ **ရေကြောင်းသတိပေးချက်ထုတ်ပြန်ခြင်းကိစ္စ**

ရည်ညွှန်းချက်။ (၁) မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာန၏ ၂၇-၅-၂၀၂၄ ရက်နေ့တွင် ထုတ်ပြန်သည့် ဆိုင်ကလုန်းမုန်တိုင်းသတင်းအမှတ်စဉ် (၁၅/၂၀၂၄)

(၂) ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန၏ ၂၆-၅-၂၀၂၄ ရက်စွဲပါ စာအမှတ်၊ DMA/SSE/NM/၁၇/၂၀၂၄

၁။ ဘင်္ဂလားပင်လယ်အော်မြောက်ပိုင်းတွင် ဖြစ်ပေါ်နေသော ဆိုင်ကလုန်းမုန်တိုင်း (Cyclonic Storm) "ရီမယ်(လ်)"(REMAL)သည် မြောက်ယွန်းယွန်းသို့ရွေ့လျားခဲ့ပြီး ပိုမိုအားကောင်းလာကာ အားကောင်းသော ဆိုင်ကလုန်းမုန်တိုင်း (Severe Cyclonic Storm) "ရီမယ်(လ်)" (REMAL) အဖြစ်သို့ ရောက်ရှိခဲ့မှုအခြေအနေနှင့်ပတ်သက်၍ ရည်ညွှန်းချက် (၂) ပါစာဖြင့် ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနမှ ရေကြောင်းသတိပေးချက် ထုတ်ပြန်ခဲ့ပြီးဖြစ်ပါသည်။

၂။ အားကောင်းသော ဆိုင်ကလုန်းမုန်တိုင်း (Severe Cyclonic Storm) "ရီမယ်(လ်)" (REMAL) သည် ဆိုင်ကလုန်းမုန်တိုင်း (Cyclonic Storm) "ရီမယ်(လ်)" (REMAL) အဖြစ်သို့ အားလျော့ကာ ဘင်္ဂလားဒေ့ရှ်နိုင်ငံ၊ ခီပူပါရာမြို့နှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသော အိန္ဒိယနိုင်ငံ၊ အနောက်ဘင်္ဂလားပြည်နယ်ကမ်းခြေ ဆာဂါကျွန်းတို့အကြား၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံ၊ မွန်ဂလမြို့အနီးမှ ဖြတ်ကျော်ဝင်ရောက်ခဲ့ပြီးနောက် မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန၏ ၂၇-၅-၂၀၂၄ ရက်နေ့ မြန်မာစံတော်ချိန် (၁၂:၃၀)နာရီအချိန်တိုင်းထွာချက်များအရ ဆိုင်ကလုန်းမုန်တိုင်း (Cyclonic Storm) "ရီမယ်(လ်)" (REMAL) သည် မြောက်-အရှေ့မြောက်ဘက်သို့ ရွေ့လျားခဲ့ပြီး ဘင်္ဂလားဒေ့ရှ်နိုင်ငံ ကုန်းတွင်းပိုင်းဒေသများကို ဆက်လက်ဖြတ်ကျော်လျက်ရှိပါသည်။

၃။ အဆိုပါ ဆိုင်ကလုန်းမုန်တိုင်း "ရီမယ်(လ်)" (REMAL) သည် မြောက်-အရှေ့မြောက်ဘက်သို့ ဆက်လက်ရွေ့လျားနိုင်ပြီး နောက် (၆)နာရီအတွင်း အားကောင်းသော မုန်တိုင်းငယ် (Deep Depression) အဖြစ်သို့လည်းကောင်း၊ နောက် (၁၂)နာရီအတွင်း မုန်တိုင်းငယ် (Depression) အဖြစ်သို့လည်းကောင်း တစ်ဖြည်းဖြည်းအားလျော့သွားနိုင်သည်ဟု ခန့်မှန်းထားပါသည်။

၄။ ဆိုင်ကလုန်းမုန်တိုင်း "ရီမယ်(လ်)" (REMAL) ၏ အရှိန်ကြောင့် မြစ်ဝကျွန်းပေါ်၊ ရခိုင်ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ရံဖန်ရံခါ မိုးသက်လေပြင်းများ ကျရောက်ပြီး လှိုင်းကြီးမည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် မိုင်

(၄၀) အထိ တိုက်ခတ်နိုင်ပြီး လှိုင်းအမြင့်မှာ (၉)ပေမှ (၁၃)ပေခန့် ရှိနိုင်ကြောင်း ခန့်မှန်းထား ပါသည်။

၅။ အဆိုပါခန့်မှန်းချက်အရ ဆိုင်ကလုန်းမုန်တိုင်း“ရီမယ်(လ်)”(REMAL) ၏အရှိန်ကြောင့် မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် လေပြင်းတိုက်ခတ်ခြင်း၊ မိုးကြီးခြင်းနှင့် လှိုင်းကြီးခြင်းများ ဖြစ်ပေါ်နိုင်သဖြင့် ကမ်းရိုးတန်းသွားရေယာဉ်များ၊ ငါးဖမ်း ရေယာဉ်များ၊ ကမ်းလွန်ပင်လယ်ပြင်တို့ရှိ ရေယာဉ်ကြီး/ငယ်များ၊ ကုန်တင်စက်လှေများ၊ အပျော်စီးခရီးသွားလှေများ၊ ပြည်တွင်းရေကြောင်းသွားရေယာဉ်များနှင့် စက်တပ်သမ္ဗန်များ ကြိုတင်သတိပြုရှောင်ရှားနိုင်ပါရန် ရေကြောင်းသတိပေးချက် (Notice to Mariners) ထုတ်ပြန် ကြေညာအပ်ပါသည်။

**ပူးတွဲ – ဆိုင်ကလုန်းမုန်တိုင်းရီမယ်(လ်)(REMAL) ခန့်မှန်းလမ်းကြောင်းပြမြေပုံ**

ခေတ္တညွှန်ကြားရေးမှူးချုပ်(ကိုယ်စား)
မိုးကျော်-ညွှန်ကြားရေးမှူး(SSE)

# ၂၇-၅-၂၀၂၄ ရက်နေ့ မြန်မာစံတော်ချိန် ( ၁၂:၃၀ )နာရီအချိန် တိုင်းထွာချက်အရ ဆိုင်ကလုန်းမုန်တိုင်း ရီမယ်(လ်) (REMAL) ခန့်မှန်းလမ်းကြောင်းပြမြေပုံ

ပူးတွဲ

